**ဒီမိုကရေစီ ပညာရေးပြုပြင်ပြောင်းလဲမှု**
**ပညာရေးစံနစ် ပြုပြင်ပြောင်းလဲရာတွင် စာမေးပွဲစံနစ်ကို အဓိကထား၍ ပြုပြင်သင့်သည်။**

ဒေါက်တာ သိန်းလွင်

ဤဆောင်းပါးသည် မြန်မာနိုင်ငံကျောင်းများတွင် အစဉ်တစိုက်ကျင်းသုံးခဲ့သည့် စာမေးပွဲစံနစ်များနှင့် တက္ကသိုလ်ဝင်ခွင့်အပေါ် သုံးသပ်တင်ပြ၍ ပြုပြင်ပြောင်းလဲသင့်သည့် နည်းလမ်းများကို အကြံပြုထားပါသည်။ ပညာရေးစံနစ် ပြုပြင်ပြောင်းလဲရေး ကွန်ရက် (NNER) ၏ ဒေသဆိုင်ရာဆွေးနွေးပွဲများတွင် ကြုံတွေ့ရလေ့ရှိသည့်မေးခွန်းများမှာ "စာမေးပွဲစံနစ်ပြောင်းရင် ဘယ်လိုပြောင်းမလဲ"၊ "စာမေးပွဲ မရှိရင် ကျောင်းသူ၊ ကျောင်းသားတွေ စာတတ်ပါ့မလား"၊ "ကျူရှင်တွေ ရှိအုံးမလား"၊ "တက္ကသိုလ်ဝင်ခွင့် ဘယ်လိုလုပ်မလဲ" စသဖြင့် စိတ်ဝင်တစားမေးကြပါသည်။ ဤဆောင်းပါးသည် အဆိုပါမေးခွန်းများကို လည်း ဖြေဆိုထားပါသည်။

**ဆယ်တန်းအောင်မှတ်နှင့် တက္ကသိုလ်ဝင်ခွင့်**

၁၉၆၄ခုနှစ်မှစ၍ယနေ့ထိ တက္ကသိုလ်ဝင်ခွင့်သည် ဆယ်တန်းစာမေးပွဲရမှတ်ပေါ်တွင် မူတည်နေပါသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် တက္ကသိုလ်အသီးသီး၌ ကျောင်းသားဦးရေကန့်သတ်ချက်ရှိသဖြင့် အမှတ်အများဆုံးရသူများသာ စိတ်ကြိုက်ဘာသာရပ်ကို ရွေးချယ်သင်ယူခွင့် ရကြသည်။ ကျောင်းသားအများစုမှာ မိမိရမှတ်နှင့်လျော်ညီသည့် ဘာသာရပ် များကိုသာ သင်ယူခွင့်ရကြသည်။ ၁၉၇၂ ခုနစ်တွင် ကျွန်တော်ဆယ်တန်းအောင်ပါသည်။ ဆေးတက္ကသိုလ်ကို ဦးစားပေး လျှောက်ထားရာနောက်ဆုံးရွေးချယ်ခံရသည့်ကျောင်းသား၏အမှတ်ထက် အနည်းငယ်လျော့နည်းနေသဖြင့် ဆေးတက္ကသိုလ် ဝင်ခွင့်မရဘဲ စက်မှုတက္ကသိုလ်တက်ခွင့်ရပါသည်။ ကျွန်တော်ဝါသနာမပါ၍ အင်ဂျင်နီယာလည်းမဖြစ်ခဲ့ပါ။ ဆေးတက္ကသိုလ် သာတက်ခွင့်ရလျှင် ဆေးပညာလောကအတွက် အကျိုးပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်အသီးသီးတွင် ကျောင်းသား အများစုသည် ကျွန်တော်နှင့်အလားတူစွာ ဝါသနာမပါသည့် ဘာသာရပ်များကို သင်ယူနေကြရပါသည်။

**အမှတ်အနည်းအများစစ်သည့် စာမေးပွဲများ**

တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာ၌ မိမိရွေးချယ်သည့်ဘာသာရပ်ကို သင်ယူခွင့်ရရှိရန် ဆယ်တန်းစာမေးပွဲတွင် အမှတ် ကောင်းရန် လိုအပ်လာပါသည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံပညာရေးစံနစ်သည် "စာမေးပွဲကို ဗဟိုပြု" သော ပညာရေးစံနစ် ဖြစ်လာခဲ့ပါသည်။ ကျောင်းသားကလည်း အမှတ်ကောင်းကောင်းရရန်၊ မိဘကလည်း သားသမီးများ အမှတ်ကောင်းကောင်း ရရန်၊ သင်ကြားပေးသည့်ဆရာ၊ ဆရာမများကလည်း တပည့်တွေ အမှတ်ကောင်းကောင်းရရန် ဦးတည်ပြင်ဆင်လာကြ ပါသည်။ ကျောင်းတွေကလည်း မိမိကျောင်းမှရာခိုင်နှုန်းမည်မျှအောင်မြင်သည်၊ ဂုဏ်ထူးရှင်ဘယ်နှစ်ဦးပါသည် စသဖြင့် ပြိုင်ဆိုင် ဂုဏ်ယူကြပါသည်။ ကျွန်တော်ငယ်စဉ်က ပဲခူး အ.ထ.က (၃) တွင် သူငယ်တန်းမှဆယ်တန်းအောင်သည်အထိ တက်ရောက်ခဲ့သူ ဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်က ပဲခူးတွင် ကျူရှင်ကျောင်းများမရှိပါ။ ကျွန်တော်တို့၏ ဆရာ၊ ဆရာမ များ (အထူးသဖြင့် ဆရာမများ) က အချိန်ပိုသင်ပေးလေ့ရှိပါသည်။ ညနေကျောင်းလွှတ်ချိန်နှင့် စနေ၊ တနင်္ဂနွေနေ့များတွင် အချိန်ပိုခေါ်၍ အခမဲ့စာသင်ပေးပါသည်။ ထိုဆရာ၊ ဆရာမများ၏ ကျေးဇူးကြောင့် ကျွန်တော်တို့ကျောင်းသည် အောင်ချက် လည်း ကောင်း၊ အမှတ်လည်း ကောင်း၊ ဂုဏ်ထူးထွက်သူတွေလည်း များကြပါသည်။ သို့ရာတွင် ကျွန်တော်သတိပြုမိသည့် အချက်မှာ ဆယ်တန်းတွင် အောင်ချက်ကောင်းသော်လည်း ကိုးတန်းတွင် အကျ များပါသည်။ ကျောင်းသားများကို စာကျေ စေလိုရန် စာမေးပွဲချသလား၊ ဆယ်တန်းအောင်ချက်ကောင်းသည်ဟု ဂုဏ်ယူလို၍ ကျောင်းသားများကို နာနာဖိသလား၊ ကျွန်တော်၏ဆရာကြီး၊ ဆရာမကြီးများကို မေးကြည့်ချင်ပါသည်။

**စာမေးပွဲဖြေရန် ပြင်ဆင်ပေးသည့် ကျူရှင်များ**

ဆယ်တန်းကျူရှင်များရန်ကုန်မှ စတင်၍မြို့ကြီးများတွင် အဖြိုင်ဖြိုင် ပေါ်ထွန်းလာကြပါသည်။ ကျောင်းသားများကလည်း မိမိတို့တက်ရောက်နေသည့်အစိုးရကျောင်းက အမှတ်ကောင်းရရန် (သို့မဟုတ်) စာမေးပွဲအောင်ရန် မလုံလောက်ဟု ယူဆပြီး ကျူရှင်များကို အားကိုးလာကြပါသည်။ ဆယ်တန်းကျပြီးသူများအတွက်လည်း ပြန်လည်ဖြေဆိုရန်အတွက် ကျူရှင် ကျောင်းများသာ အားကိုးစရာဖြစ်ခဲ့ပါသည်။ ကျူရှင်များကလည်းစာမေးပွဲဖြေဖို့ပြင်ဆင်ပေးပါသည်။ စာကိုမှတ်မိရန် လင်္ကာများဖြင့် ကျက်မှတ်စေပါသည်။ "မနီမနီ ထထ၊ ထထ နီမနီမ" တြိဂိုပုစ္ဆာတွက်ရန် ကျက်ရသော လင်္ကာတိုလေး ဖြစ်ပါသည်။ ယခုအခါ ဘာသာမျိုးစုံအတွက် လင်္ကာမျိုးစုံရှိသည်ဟု ကြားပါသည်။ ကျူရှင်များရှေးဦးဆောင်ရွက်သောနည်းမှာ စာကိုမှတ်မိအောင်လုပ်၍ စာမေးပွဲဖြေနိုင်ရန် ပြင်ဆင်ပေးခြင်းဖြစ်ပါသည်။ နောက်ပိုင်းတိုးတက်လာသောနည်းများမှာ ခန့်မှန်းမေးခွန်းသင်ကြားခြင်းဖြစ်ပါသည်။ ခန့်မှန်းမေးခွန်းတိုး၍ အောင်ချက်ကောင်းသွားသော ကျူရှင်က နာမည်ရပြီး ကျောင်းသားများ ကျိတ်ကျိတ်တိုးဖြစ်ခဲ့ပါသည်။ ထပ်မံဖွံ့ဖြိုးလာသောနည်းများမှာစစ်မည့်မေးခွန်း ကြိုတင်ဝယ်ယူရရှိခြင်း၊ အမှတ်ဝယ်ခြင်း စသည့်မသမာသော နည်းများဖြစ်ပါသည်။ ကျောင်းသားများက စာကိုမှတ်မိအောင်ပင်မကျက်တော့ဘဲ စာရွက်ငယ်ကလေးများတွင် အဖြေများအသင့်ရေးပြီး ခိုးချကြပါသည်။ စာမေးပွဲခန်းမှ ထွက်လာလျှင်လမ်းမ၌ ကူးချသည့်

စာရွက်ငယ်များ ပလူပျံနေသည်ကို အားလုံးသိကြပါသည်။ အချို့ဆိုလျှင် စာမေးပွဲစောင့်သူ ဆရာ၊ ဆရာမအား လာဒ်ထိုး၍ ပင် ခိုးချကြကြောင်း ကြားသိနေရပါသည်။

ယခုအခါကျူရှင်ကျောင်းများသည် မြို့ငယ်များအထိတပြည်လုံးအနှံ့ရှိပြီး သူငယ်တန်းမှစ၍ တက္ကသိုလ်ဘွဲ့ရသည်အထိ ကျူရှင်တက်ကြပါသည်။ အစိုးရကျောင်းပညာရေးသည် အခမဲ့ဖြစ်သော်လည်း မိဘများအဖို့သားသမီး ကျူရှင်လခအတွက် ဖိစီးမှုများခံနေကြရပါသည်။ ကျောင်းသားများအတွက်လည်း အချိန်ပြည့်ကျောင်းတက်ရုံမျှမက ကျူရှင်လည်းတက်ရ၊ ညဘက်တွင် "Study Guide" ဆိုတာငှား၍ စာကျက်ရပြန်ပါသည်။ ကလေးဘဝ၏ လိုအပ်ချက်များဖြစ်သော အားကစား၊ သူငယ်ချင်းများနှင့်တွေ့ဆုံချိန်၊ ဆွေမျိုးမိဘများနှင့်တွေ့ဆုံချိန်၊ ဝါသနာပါရာလုပ်ဆောင်ချိန်များမရှိကြတော့ဘဲ စာမေးပွဲဖြေရန် အတွက်သာ အချိန်ပြည့်လုံးပမ်းနေကြရပါသည်။

**စာတွေမှတ်မိဖို့ စစ်တဲ့စာမေးပွဲ လိုအပ်ပါသလား**

မြန်မာနိုင်ငံကျောင်းများတွင် စစ်ဆေးနေသည့်စာမေးပွဲများသည် သင်ထားသောစာကို ဘယ်လောက်မှတ်မိသလဲ ဟု တိုင်းတာခြင်းသာ ဖြစ်ပါသည်။ များများမှတ်မိသူက အမှတ်များများရ၍ နည်းနည်းသာ မှတ်မိသူက အမှတ်နည်းနည်းပဲ ရပါသည်။ မှတ်မိရုံသက်သက် အလွတ်ကျက်ထားသော စာသည်လည်း ကြာကြာမခံပါ။ မကြာခင် မေ့သွားပါသည်။ နားလည်အောင်လုပ်ခြင်းက ပိုကောင်းပါသည်။ "မှတ်မိဖို့လုပ်ရင် မေ့သွားပါလိမ့်မယ်၊ နားလည်အောင်လုပ်ရင် မှတ်မိတယ်" ဆိုသည့် စကားရှိပါသည်။ အချို့အကြောင်းအရာများအတွက် မှတ်မိဖို့လိုသည်ဆိုသည်ကို လက်ခံပါသည်။ ဥပမာ - သင်္ချာ၊ အလီ မှတ်မိဖို့လိုပါသည်။ အင်္ဂလိပ်စာမှ ကြိယာပုံသဏ္ဍာန်များ (verb patterns) မှတ်မိဖို့လိုပါသည်။

သို့ရာတွင် ကျောင်းစာအုပ်တွင် ရေးထားသည့် စာများကို အလွတ်ကျက်မှတ်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေမှုကို စဉ်းစားသင့်ပါသည်။ ယနေ့ခေတ်သည် အကြောင်းအရာ၊ အချက်အလက်နှင့် အတွေးအခေါ်အမျိုးမျိုးကို ရနိုင်သည့်နေရာ အများအပြားရှိပါသည်။ သတင်းစာ၊ ဂျာနယ်၊ စာအုပ်၊ တီဗွီ၊ အင်တာနက်တို့က အလွယ်တကူရရှိပါသည်။ ကျောင်းစာဖြင့်သာ အချိန်ကုန်လွန်စေသော ကျွန်တော်တို့၏ ကျောင်းသားများသည် အခြားသော ဗဟုသုတများကို လေ့လာဆည်းပူးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရပါမည်။ ကျောင်းစာအုပ်တွင် ရေးထားသည့် စာများသည် ကျောင်းသားတစ်ယောက်၏ဘဝတွင် လိုအပ်သည့် ဗဟုသုတများ၏ ၁၀ ပုံ၊ ၁ ပုံပင်မရှိဟု သုတေသနတစ်ခုက ထောက်ပြထားပါသည်။ ထို့ကြောင့် ကျောင်းသားများအား အလွတ်ကျက်၊ အလွတ်ဖြေစနစ်ကျင့်သုံးနေသည့် မြန်မာနိုင်ငံကျောင်းများ၏ စာမေးပွဲစစ်ဆေးသည့် စနစ်ကို ပြန်လည် သုံးသပ်သင့်ပါသည်။

**ကလေးတွေကျောင်းထားတာ ဘာရည်ရွယ်ချက်လဲ**

ကျောင်းသားမိဘများကို မေးချင်ပါသည်။ "ကလေးတွေကိုကျောင်းထားတာ ဘာရည်ရွယ်ချက်လဲ"။ အဖြေအမျိုးမျိုး ထွက်မည်ဟု ယုံကြည်ပါသည်။ ပညာတတ်ဖို့၊ စာတတ်ဖို့၊ လိမ္မာဖို့၊ အလုပ်ကောင်းကောင်းရဖို့ စသည်ဖြင့် ဖြေကြပါ လိမ့်မည်။ ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲမှုကို အနှစ်(၂၀) ကျော်ဆောင်ရွက်ခဲ့သည့် ချက်နိုင်ငံတွင် "ပညာရေး၏ ရည်မှန်းချက်ဟာ ဘာလဲ" (What is the aim of education?) ဟူသည့် မေးခွန်းကို ဆရာဆရာမများနှင့် ပညာရှင်များ အပါအဝင် တစ်ပြည်လုံးအနှံ့ဆွေးနွေးနေကြောင်း မကြာခင်လပိုင်းက ထွက်ပေါ်လာသည့် သတင်းများတွင် ဖတ်ရပါသည်။ နော်ဝေးနိုင်ငံတွင်ပြုလုပ်သည့် သုတေသနတစ်ခုတွင် မိဘများက ကလေးများကို ကျောင်းထားသည်မှာ စာရိတ္တမြင့်မားရန် ဖြစ်ကြောင်း ပြောဆိုကြသည်ဟု သိရပါသည်။ လွန်ခဲ့သော နှစ် ၅၀ ကျော်က အမေရိကန်နိုင်ငံတွင် တက္ကသိုလ်ပါမောက္ခ ဘလွန်း (Bloom) ဆိုသူက စာမေးပွဲမေးခွန်းများကို သုတေသနပြုခဲ့သည်ဟု ဆိုပါသည်။ မေးခွန်းများမှာ "သင်ထားသောစာ ဘယ်လောက်မှတ်မိသလဲ" ကိုသာ စစ်ဆေးသည့် မေးခွန်းများဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုပါသည်။ "ပညာရေး၏ ရည်မှန်းချက်" ဟူ၍ ခေါင်းစဉ်တပ်ပြီး ၁၉၅၆ ခုနှစ်တွင် ပါမောက္ခဘလွန်း (Bloom) ရေးခဲ့သည့်စာအုပ်တွင် ပညာရေး၏ ရည်မှန်းချက်သည် စာတွေဘယ်လောက်မှတ်မိသလဲ ဆိုသည်နှင့် ရပ်မနေဘဲ တစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့်သွားရန် ပညာရေး၏ ရည်မှန်းချက်အဆင့် (၆) ဆင့်ကို အကြံပြုခဲ့ပါသည်။ အဆိုပါအဆင့်များမှာ အကြောင်းအရာများကို သိရှိခြင်း၊ အကြောင်းအရာများကို နားလည်ခြင်း၊ လက်တွေ့ဆောင်ရွက်နိုင်ခြင်း၊ ခွဲခြမ်းစိပ်ဖြာကြည့်တတ်ခြင်း၊ အခြားအကြောင်းအရာများနှင့် နှိုင်းယှဉ်ဆက်စပ်နိုင်ခြင်း၊ သင်ယူရရှိသောအကြောင်းအရာ၏တန်ဖိုးကိုသိရှိခြင်းတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံကျောင်း များတွင် ယနေ့အထိ စစ်ဆေးနေသောမေးခွန်းများမှာ အချက်အလက်တွေ ဘယ်လောက်မှတ်မိသလဲ ဆိုသည့်အဆင့် တွင်သာရှိပါသည်။ အလွတ်ကျက်၊ အလွတ်ဖြေ စစ်ဆေးသည့်စာမေးပွဲစံနစ်ကို ပြုပြင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ထင်ရှားပါသည်။

**ကျောင်းသားများ၏ သင်ယူမှုကိုအားပေးသော စစ်ဆေးနည်း**

မြန်မာနိုင်ငံကျောင်းများတွင် လက်ရှိစစ်ဆေးနေသည့်နည်းစံနစ်မှာ အချက်အလက်တွေ ဘယ်လောက်မှတ်မိသလဲ၊ အလွတ်ကျက်၊ အလွတ်ဖြေ စစ်ဆေးနည်းမျိုးဖြစ်၍ Summative Assessment ဟု အမည်ပေးထားကြပါသည်။ ဒီမိုကရေစီ ပညာရေးတွင် ပညာရေးအရည်အသွေးမြင့်မားရန် ပြောင်းလဲလာသည့်စစ်ဆေးနည်းမှာ ကျောင်းသားများ၏ သင်ယူမှုကို အားပေးသည့်

နည်း ဖြစ်ပါသည်။ Formative Assessment ဟုခေါ်ပါသည်။ သင်ယူနေသည့်ကျောင်းသားကိုယ်တိုင်က လည်းကောင်း၊ သင်ကြားသည့်ဆရာ၊ ဆရာမက လည်းကောင်း စစ်ဆေးသည့်နည်းဖြစ်ပါသည်။ သင်ယူနေစဉ်အတွင်း စစ်ဆေးခြင်းပြုပါသည်။ ကျောင်းသား၏သင်ယူသည့် နည်းလမ်းကို စစ်ပါသည်။ သင်ယူသည့်အကြောင်းအရာအပေါ်နားလည်ပုံကို ဆွေးနွေးပြောဆိုသည့်နည်းဖြင့် စစ်ပါသည်။ သင်ယူသည့်အကြောင်းအရာအပေါ် စဉ်းစားတွေးခေါ်မှုကိုလည်း စစ်ပါသည်။ ဤစစ်ဆေးမှုသည် စာမေးပွဲရှုံးသည်၊ အမှတ်နည်းသည် ဟူ၍မရှိဘဲ သင်ယူသည့်နည်းလမ်းပိုကောင်းလာစေရန်၊ နားလည်မှုကိုမြှင့်တင်ရန်နှင့် စဉ်းစားဆင်ခြင်ရန်အတွက် ကျောင်းသားတစ်ဦးချင်းကို အားပေးသည့်နည်းဖြစ်ပါသည်။ သင်ယူသည့်အကြောင်းအရာကို မှတ်မိယုံမျှမက၊ နားလည်တတ်ကျွမ်းပြီး ဘဝတလျှောက်လုံးအသုံးဝင်မည့် တန်ဖိုးများကိုလည်း စဉ်းစားဆင်ခြင် နိုင်ပါသည်။ ကျောင်းသားတစ်ဦးနှင့် တစ်ဦး ယှဉ်ပြိုင်မှုမရှိဘဲ ရိုင်းပင်းကူညီမှုကိုဖြစ်စေပြီး ဆရာ၊ဆရာမများအပေါ်တွင် လေးစားယုံကြည်မှု ပိုမိုရရှိပါသည်။

ကျောင်းသားများ၏သင်ယူမှုကိုအားပေးသည့် Formative Assessment သည် သင်ယူသည့်ကျောင်းသားကိုယ်တိုင်နှင့် သင်ကြားပေးသည့် ဆရာကိုယ်တိုင်က သင်ယူမှုဖြစ်စဉ်တစ်ခုလုံးကို သိရှိပြီး၊ သင်ယူမှုပိုမိုတိုးတက်ရန် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ မှတ်မိသည်ကို စစ်ဆေးသည့် Summative Assessment သည် အချက်အလက်တွေ ဘယ်လောက်မှတ်မိသလဲ ဆိုသည်ကို အမှတ်အနည်းအများပေး၍ တိုင်းတာကြခြင်းဖြစ်ပါသည်။ လွယ်ကူသည့်ဥပမာပေးရလျှင် ဟင်းချက်သူတစ်ဦးသည် မိမိ၏ဟင်းတွင် ဘယ်အရာတွေပါသည်ကို သိပါသည်။ ပိုမိုကောင်းအောင် ဘယ်လိုလုပ်ရမည်ဆိုသည့် နည်းလမ်းကိုလည်း ကြံဆနိုင်ပါသည်။ Formative Assessment ဖြစ်ပါသည်။ သူတပါးချက်ထားသောဟင်းကို စားပြီး ကောင်းတယ်၊ မကောင်းဘူး ပြောခြင်းမျိုးသည် Summative Assessment ဖြစ်ပါသည်။ မြန်မာနိုင်ငံကျောင်းများ၏ စာမေးပွဲစံနစ်သည် သင်ယူသောကျောင်းသားနှင့် သင်ကြားသော ဆရာကိုယ်တိုင် ကျောင်းသား၏ သင်ယူမှုဖွံ့ဖြိုးတိုးတက်အောင် စစ်ဆေးသောနည်းစံနစ်များကို အားပေးသင့်ပါသည်။

### တက္ကသိုလ်ဝင်ခွင့်ဘယ်လို သတ်မှတ်မလဲ

အမှတ်ဖြင့်တိုင်းတာသည့် စာမေးပွဲများမရှိတော့လျှင် ကျောင်းသားတွေကို ဘယ်လိုအတန်းတင်မလဲ၊ တက္ကသိုလ်ဝင်ခွင့်ရောဘယ်လိုသတ်မှတ်မလဲ၊ နေရာတော်တော်များများတွင် မေးကြပါသည်။ သင်ခန်းစာ တစ်ပုဒ်စီတိုင်းတွင် ကျောင်းသားတစ်ဦးစီနှင့်ကိုက်ညီမည့်နည်းလမ်းများဖြင့်သင်ယူစေပြီး နားလည်တတ်ကျွမ်းယုံမျှမက စဉ်းစားဆင်ခြင်နိုင်ပြီဆိုလျှင် အတန်းချစရာမလိုပါ။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသောဆရာ၊ ဆရာမများနှင့် ဆရာ-ကျောင်းသား အချိုးမျှတမှုရှိရပါမည်။ ဉာဏ်ရည်ဖွံ့ဖြိုးမှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ သင်ယူမှုတွင်အခက်အခဲရှိသော ကျောင်းသားများကို အထူးလေ့ကျင့်ထားသည့် ဆရာ၊ ဆရာမများနှင့်သင်ယူနိုင်ရန်လည်း စီစဉ်ပေးသင့်ပါသည်။

တက္ကသိုလ်ဝင်ခွင့်နှင့် အခြေခံပညာပြီးဆုံးခြင်းအဆင့်တို့ကိုလည်း ပြုပြင်ပြောင်းလဲစေလိုပါသည်။ အခြေခံပညာအဆင့်တွင် သင်ကြားနည်းသစ်၊ စစ်ဆေးနည်းသစ်များဖြင့် ဆောင်ရွက်နိုင်လျှင် ကျောင်းသားများသည် ဘာသာရပ်အသီးသီးကို လေ့လာသင်ယူတတ်မြောက်ပြီးဖြစ်၍ အခြေခံပညာပြီးဆုံးကြောင်း လက်မှတ်ထုတ်ပေးနိုင်ပါသည်။ အခြေခံပညာ ပြီးဆုံးသူတိုင်းသည် မိမိနှစ်သက်ရာ ဘာသာရပ်နှင့်တက္ကသိုလ် လျှောက်ထားရန် အခွင့်အရေးရှိသင့်ပါသည်။ တက္ကသိုလ်အသီးသီးမှ စစ်ဆေးသည့် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုနိုင်လျှင် အဆိုပါ တက္ကသိုလ်တွင် တက်ရောက်သင်ကြားနိုင်ပါသည်။

နိဂုံး ။

ဒီမိုကရေစီပညာရေးစံနစ်သို့ကူးပြောင်းရာတွင် စာမေးပွဲစံနစ်ပြုပြင်ပြောင်းလဲမှုသည် အဓိကနေရာတွင် ပါဝင်ပါသည်။ Formative Assessment ကျင့်သုံးနေသည့် နိုင်ငံများမှ အတွေ့အကြုံများကိုလည်း လေ့လာသင့်ပါသည်။ စာမေးပွဲစံနစ်ပြောင်းသည်နှင့် တပြိုင်နက် အခြားပြုပြင်ပြောင်းလဲမှုများလည်း တပါတည်းလုပ်ဆောင်ရပါမည်။ ဆရာ၊ ဆရာမများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရပါမည်။ အသုံးပြုသည့် သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ၏ ဘဝနှင့်အဆက်အစပ်ရှိ၍ ဘဝတလျှောက်လုံးအသုံးဝင်မည့် ကျွမ်းကျင်မှုများကိုလည်း ပေးစွမ်းနိုင် ရပါမည်။ ကျောင်းသူ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမများပျော်ရွှင်မည့် သင်ယူမှုပတ်ဝန်းကျင်များလည်း ဖန်တီးပေးရပါမည်။ ဆရာနှင့် ကျောင်းသားအချိုးကိုလည်း မျှတအောင်စီစဉ်ရပါမည်။ အုပ်ချုပ်ရေးစံနစ်ကိုလည်း အမိန့်ပေးစေခိုင်းသည့်စံနစ်မှ ကူညီပံ့ပိုး၍ နည်းလမ်းကောင်းကို ရှင်းပြနိုင်သည့် ခေါင်းဆောင်မှုဖြစ်ရန်လည်း လိုအပ်ပါသည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားများဝါသနာပါရာ ဘာသာရပ်ကို ရွေးချယ်ခွင့်ရှိ၍ အဆိုပါဘာသာရပ်များကို သင်ယူနိုင်ရန်အတွက်လည်း ပံ့ပိုးကူညီပေးရပါမည်။ ဆရာ၊ ဆရာမများ၏ ပညာရေးလွတ်လပ်ခွင့်၊ လုံလောက်သော လစာ နှင့်အခြားပံ့ပိုးမှုတို့ကိုလည်း စီမံပေး ရပါမည်။

ဒေါက်တာသိန်းလွင်
နေ့စွဲ၊ စက်တင်ဘာလ (၃၀) ရက်၊ ၂၀၁၃ ခုနှစ်။